**စာရင်းသေစာရင်း (Dormant Account)**

၁။ ယူအေဘီဘဏ်လီမိတက်တွင် ဖွင့်လှစ်ထားသော ဘဏ်စာရင်းများအနေဖြင့် ၁နှစ် (၃၆၅ ရက်) နှင့်အထက် စာရင်းပိုင်ရှင်ကိုယ်တိုင် ဆောင်ရွက်သော Transactions (Deposit, withdraw, transfer, mobile top up, etc…) များ ဆောင်ရွက်ထားခြင်းမရှိပါက အဆိုပါဘဏ်စာရင်းများအား စာရင်းသေစာရင်း (Dormant Account) ဟု သတ်မှတ်မည်ဖြစ်ပြီး ဘဏ်မှ သတ်မှတ်ထားသော စာရင်းထိန်းသိမ်းခ ကောက်ခံသွားမည်ဖြစ်သည်။ ထိုသို့ စာရင်းထိန်းသိမ်းခ မကောက်ခံမီ (၁) လအလိုတွင် စာရင်းပိုင်ရှင်ထံသို့ ဘဏ်မှ သင့်တော်သောနည်းလမ်းများဖြင့် ကြိုတင်အကြောင်းကြားမည်ဖြစ်သည်။ မိမိ၏ ဘဏ်စာရင်းအတွက် အသိပေးအကြောင်းကြားပေးပို့ခြင်းကို မရရှိပါက ယူအေဘီဘဏ်၏ Contact Center phone number (099 4000 5000) သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၂။ စာရင်းသေစာရင်းများ (Dormant Account) များအတွက် စာရင်းထိန်းသိမ်းခအဖြစ် မြန်မာကျပ်ငွေစာရင်း တစ်ခုလျှင် (၁,၀၀၀) ကျပ်ဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေစာရင်းတစ်ခုလျှင် 1 USD နှင့် ညီမျှသော ပမာဏ အား လည်းကောင်း တစ်လလျှင်တစ်ကြိမ် ၄င်းဘဏ်စာရင်းမှ ကောက်ခံသွားမည်ဖြစ်သည်။ အသေးစိတ်ကို https://www.uab.com.mm/pdfs/Fees_&_Charges/221125-Fees-and-Charges.pdf တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၃။ ၄င်းဘဏ်စာရင်းများကို ပြန်လည်အသုံးပြုလိုပါက uabpay application (သို့မဟုတ်) နီးစပ်ရာ ယူအေဘီဘဏ်ခွဲများသို့ သွားရောက်၍ Reactivate ပြုလုပ်နိုင်ပါသည်။

၄။ စာရင်းထိန်းသိမ်းခကောက်ခံရာတွင် သက်ဆိုင်ရာဘဏ်စာရင်းရှိ ငွေလက်ကျန်ကုန်ဆုံးသည်အထိ လစဉ်ကောက်ခံသွားမည်ဖြစ်သည်။ ငွေစာရင်းလက်ကျန် ကုန်ဆုံးသွားသည့် ဘဏ်စာရင်းများအား အလိုအလျောက် ပိတ်သွားမည်ဖြစ်သည်။

၅။ (၇) နှစ်နှင့်အထက်ရှိသော စာရင်းသေစာရင်း (Dormant Account) များအား အတိုးတွက်ချက်ခြင်း ရပ်ဆိုင်းထားမည်ဖြစ်ပြီး မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ထုတ်ပြန်ထားသော မူဝါဒများအတိုင်း ဆောင်ရွက်သွားမည်ဖြစ်သည်။